# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 1 , 2022 Volume 57, Number 1


| ၁.၈.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၆၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၈၉၈.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၄၄.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၆၅.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၁.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၃.၉၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၄၀၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၀၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၅.၄၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၁.၃၂၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## လွယ်ဂျယ်နယ်စပ်ဂိတ်မှတစ်ဆင့် ပြည်ပသို့ ဆန်ကွဲနှင့်ပြောင်းဖူးတင်ပို့သည့် ကုန်တင်ကားအစီးရေ များပြားလာ

လွယ်ဂျယ်နယ်စပ်ဂိတ်မှတစ်ဆင့် ပြည်ပသို့ ဆန်ကွဲနှင့်ပြောင်းဖူးတင်ပို့သည့် ကုန်တင်ကားအစီးရေ များပြားလာကြောင်း ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တူးထံမှသိရသည်။

ကချင်ပြည်နယ်အတွင်းမှထွက်ရှိသည့်ကုန်စည်များကို ပြည်ပသို့ လွယ်ဂျယ်နယ်စပ်ဂိတ်မှတစ်ဆင့် ပုံမှန်အတိုင်း ကုန်သွယ်မှုပြုလုပ်လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် တရုတ်ကုန်သည်များက ပြည်တွင်းမှထွက်ရှိသည့် ဆန်ကွဲနှင့်ပြောင်းဖူးဝယ်ယူမှုများပြားလာခြင်းကြောင့် ပြည်ပသို့ ဆန်ကွဲနှင့်ပြောင်းဖူးတင်ပို့သည့် ကုန်တင်ကားအစီးရေမှာလည်း ယခင်ကထက် ပိုမိုများပြားလာကြောင်းသိရသည်။

"ကချင်ပြည်နယ်အတွင်းက ထွက်တဲ့ကုန်စည်တွေထဲမှာ တရုတ်ကုန်သည် တွေမှာယူမှုအများဆုံးကတော့တစ်သျှူးငှက်ပျောပါ။ အခုလတ်တလောမှာတော့ ဆန်ကွဲနဲ့ ပြောင်းဖူးကို ကုန်သည်တွေအမှာများလာလို့ အဲဒီကုန်စည်နှစ်မျိုးကို သီးသန့်တင်ပို့တဲ့ ကုန်တင်ကားအစီးရေတွေလဲ ပြန်ပြီးများလာပါတယ်" ဟု ဒေါ်တူးက ပြောပြသည်။

ယခင် ဇူလိုင်လပထမပတ်မှ ဇူလိုင်လဒုတိယပတ်ထိ ကချင်ပြည်နယ်ဘက်မှ ထွက်ရှိသည့် ဆန်ကွဲနှင့် ပြောင်းဖူးများကို လွယ်ဂျယ်နယ်စပ်ဂိတ်မှတစ်ဆင့် ပြည်ပသို့ တင်ပို့ရာတွင် တစ်ရက်လျှင် ကုန်တင်ကား အစီးရေ ၂၀ ကျော်သာ ရှိခဲ့သော်လည်း ဇူလိုင်လတတိယပတ်မှစ၍ ပြည်ပက ၎င်းကုန်စည်နှစ်မျိုးကို မှာယူမှုများပြား လာခြင်းကြောင့် တစ်ရက်လျှင် ကုန်တင်ကားအစီးရေ ၅၀ ကျော်ထိရှိလာကြောင်းသိရသည်။

"အခုလတ်တလော ကချင်ပြည်နယ်ကနေ ကုန်စည်တင်ပို့မှု ပုံမှန်အနေအထားအတိုင်းပဲ တရုတ်ကုန်သည်တွေနဲ့ ကုန်သွယ်မှုပြုလုပ်နေတယ်။ ပြည်ပကနေလည်း ကချင်ပြည်နယ်ဘက်ကို ကုန်ပစ္စည်းပြန်လည် တင်သွင်းတာတွေကလဲ ပုံမှန်အနေအထားအတိုင်းပါပဲ" ဟု ဒေါ်တူးက ပြောပြ၍သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ခြောက်လအတွင်း ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဒေါ်လာ ၁၇၁၅ သန်းကျော်ရရှိခဲ့ပြီး လအလိုက်တင်ပို့မှုအနေဖြင့် ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် အများဆုံးဖြစ်

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် အောက်တိုဘာမှမတ်လအထိ (Mini Budget) ခြောက်လအတွင်း ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဒေါ်လာ ၁၇၁၅ သန်းကျော်ရရှိခဲ့ပြီး လအလိုက်တင်ပို့မှုအနေဖြင့် ၂၀၂၁ ခုနှစ် နိုဝင်ဘာတွင် အများဆုံးဖြစ်ကြောင်း


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် အောက်တိုဘာမှ မတ်လအထိ (Mini Budget) ခြောက်လအတွင်း လအလိုက် ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုအနေဖြင့် အောက်တိုဘာတွင် ဒေါ်လာ ၂၈၀ ဒသမ ၂ သန်း၊ နိုဝင်ဘာတွင် ၃၀၀ ဒသမ ၈ သန်း၊ ဒီဇင်ဘာတွင် ၂၇၄ ဒသမ ၂ သန်း၊ ဇန်နဝါရီတွင်၂၇၉ ဒသမ ၅ သန်း၊ ဖေဖော်ဝါရီတွင် ၂၉၀ ဒသမ ၂ သန်း၊ မတ်လတွင် ဒေါ်လာ၂၉၀ ဒသမ ၃ သန်းဖြင့် စုစုပေါင်းဒေါ် လာ ၁၇၁၅ ဒသမ ၂ သန်းရရှိခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် မတ်လ၌ ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဒေါ်လာသန်း ၂၉၀ ကျော်ရရှိခဲ့ပြီး ယခင်နှစ် ကာလတူထက် ဒေါ်လာ ၃၂ သန်းကျော် ပိုမိုရရှိခဲ့ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၂ ခုနှစ် မတ်လ၌ ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဒေါ်လာ ၂၉၀ ဒသမ ၃ သန်းရရှိခဲ့သည်။ ၂၀၂၁ ခုနှစ် မတ်လတွင် ဒေါ်လာ ၂၅၇ ဒသမ ၇ သန်း ရရှိခဲ့သည်။ အဆိုပါကာလတူနှစ်ခုကို နှိုင်းယှဉ်ပါက ၂၀၂၂ ခုနှစ် မတ်လ၌ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ရရှိငွေမှာ ယခင်နှစ်ကာလတူထက် ဒေါ်လာ ၃၂ ဒသမ ၆ သန်း ပိုမိုရရှိခဲ့သည်။

၂၀၂၁ ခုနှစ် ၁၂ လအတွင်း ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဒေါ်လာ ၃၁၅၀ ဒသမ ၇ သန်းရရှိခဲ့ပြီး နိုဝင်ဘာတွင် သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဒေါ်လာသန်း ၃၀၀ ကျော်ဖြင့် အများဆုံးဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

၂၀၂၁ ခုနှစ်အတွင်း လအလိုက် ပြည်ပသို့ သဘာဝဓာတ်ငွေ့ တင်ပို့မှုမှ ဝင်ငွေရရှိမှုအနေဖြင့် ဇန်နဝါရီတွင် ဒေါ်လာ ၂၃၂ ဒသမ ၅ သန်း၊ ဖေဖော်ဝါရီတွင် ဒေါ်လာ ၂၃၆ ဒသမ ၇ သန်း၊ မတ်လတွင် ဒေါ်လာ ၂၅၇ဒသမ ၇ သန်း၊ ဧပြီ တွင် ဒေါ်လာ ၂၂၉ ဒသမ ၂ သန်း၊ မေလတွင် ဒေါ်လာ ၂၄၅ ဒသမ ၁ သန်း၊ ဇွန်လတွင် ဒေါ်လာ ၂၄၆ ဒသမ ၂ သန်း၊ ဇူလိုင်တွင် ဒေါ်လာ ၂၇၈ ဒသမ ၄ သန်း၊ ဩဂုတ်တွင် ဒေါ်လာ ၂၈၄ ဒသမ ၀ သန်း၊ စက်တင်ဘာတွင် ဒေါ်လာ ၂၈၅ ဒသမ ၆ သန်း၊ အောက်တိုဘာတွင် ဒေါ်လာ ၂၈၀ ဒသမ ၃ သန်း၊ နိုဝင်ဘာတွင် ဒေါ်လာ ၃၀၀ ဒသမ ၈ သန်း၊ ဒီဇင်ဘာတွင် ဒေါ်လာ ၂၇၄ ဒသမ ၂ သန်းဖြင့် စုစုပေါင်း ဒေါ်လာ ၃၁၅၀ ဒသမ ၇ သန်းရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ် ဇန်ဝါရီတွင် ဒေါ်လာ ၂၇၉ ဒသမ ၅ သန်း၊ ဖေဖော်ဝါရီတွင် ဒေါ်လာ ၂၉၀ ဒသမ ၂ သန်းရရှိခဲ့ခြင်းဖြစ်သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ သဘာဝဓာတ်ငွေ့ တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၃ ဒသမ ၅ ဘီလျံကျော်ရရှိခဲ့ပြီး ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်ထက် ဝင်ငွေဒေါ်လာသန်း ၄၂၀ ခန့် လျော့ကျခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနကို ကိုးကားပြီး ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်က ထုတ်ပြန်ထားသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၁၉ ခုနှစ် အောက်တိုဘာမှ ၂၀၂၀ ခုနှစ် စက်တင်ဘာအထိ ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၃ ဒသမ ၅၀၆ ဘီလျံ (ဒေါ်လာ ၃၅၀၆ ဒသမ ၆၂ သန်း) ရရှိထားသည်။

**Source:** https://news-eleven.com/article/234948

## ပြည်ပရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ သစ်သားပန်းပွတ်လက်ရာ ဘောပင်များတင်ပို့သွားမည်



Source: ရတနာ့ပုံသတင်းစာ

ပြည်ပရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ မြန်မာ ပန်းပွတ်လက်ရာ သစ်သားဖြင့်ပြုလုပ်ထားသည့် ဘောပင်များကို တင်ပို့သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းမြို့နယ်ရှိ မြန်မာမဏ္ဍိုင်အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းစင်တာ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍သိရသည်။

ပြည်ပတွင် မြန်မာနိုင်ငံသားများ ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များက မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းများကို မှာယူလေ့ရှိပြီး ဩဂုတ်လပထမပတ်တွင် ပန်းပွတ်လက်ရာ သစ်သားဘောပင်များကို ရခိုင်ပြည်နယ်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တင်ပို့သွားမည်ဖြစ်ကြောင်းသိရသည်။

"ပြည်ပမှာရှိတဲ့ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်တွေကမှာတဲ့ မြန်မာလက်မှုအနုပညာ ထုတ်ကုန်တွေကို နယ်စပ်ကုန်သွယ်ရေးစခန်းကနေ ပို့ရတာရှိပါတယ်။ လာမဲ့ဩဂုတ်လပထမပတ်မှာ အရင်က အမှာရှိခဲ့ဖူးတဲ့ အမြင့်ငါးလက်မ အရွယ်အစား ပန်းပွတ်လက်ရာသစ်သားဘောပင် ဒါဇင် ၅၀၀ လောက် ပို့ပေးရမှာဖြစ်ပါတယ်။ ပြည်တွင်းရောင်းဈေးကတော့ သစ်သားဘောပင်တစ်ဒါဇင်ကို ငွေကျပ် ၂၄၀၀၀ ကျသင့်မှာဖြစ်ပါတယ်" ဟု ဦးမောင်မောင်အေးကပြောပြသည်။

အဆိုပါ သစ်သားဘောပင်များသည် မင်ချောင်းလဲလှယ်အသုံးပြုနိုင်သည့်အပြင် ကိုင်ဆောင်ရာတွင် ပေါ့ပါးသည့်အတွက် ပြည်တွင်းအမှတ်တရလက်ဆောင်ပစ္စည်း ဈေးကွက်တွင်လည်း အရောင်းသွက်ကြောင်းသိရသည်။

မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းများကို ပြည်တွင်းရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်များသာမက မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့်နိုင်ငံများရှိ နယ်စပ်မြို့များတွင် ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရပစ္စည်း အရောင်းဆိုင်များသို့လည်း တင်ပို့လျက်ရှိကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## မြင်းမူမြို့နယ်၌ ထန်းသားကို ကျွန်းအစားထိုး ပရိဘောဂများအဖြစ် ပြုလုပ်ရောင်းချလာ



စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်တွင် ဒေသထွက်သက်တမ်းရင့် ထန်းပင်များကိုခုတ်ယူကာ လိုအပ်သည့်ထန်းသားဆိုဒ်ကို ခွဲစိတ်ရယူပြီး ကျွန်းအစားထိုး ပရိဘောဂများအဖြစ် ပြုလုပ်ရောင်းချလာသည်။

ယခင်အချိန်များက ဒေသကထွက်ရှိသည့် ထန်းပင်များကို အဆောက်အဦများနှင့် ထင်းအဖြစ်သာ အသုံးပြုခဲ့ကြောင်း၊ ထန်းသားအရင့်မှာ အလွန်မာကျောကြောင်း၊ ပရိဘောဂပြုလုပ်ရာတွင် ကျွန်းသားကဲ့သို့ လွယ်ကူမှုမရှိကြောင်း၊ ကုန်ကျမှုမှာ ကျွန်းသားလောက်မရှိကြောင်း၊ ကုန်ကြမ်းယူကာ ပစ္စည်းပြုလုပ်ပေးခြင်းများရှိပြီး အော်ဒါမှာယူခြင်းများလည်းရှိကြောင်း၊ ထန်းသားပရိဘောဂများမှာ ယခုအခါ ပြည်တွင်းနှင့်ပြည်ပ နိုင်ငံခြားသားများ လာရောက်တည်းခိုကြသည့် ဟိုတယ်ကြီးများတွင် အသုံးပြုလျက်ရှိကြောင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပနိုင်ငံများမှလည်း မှာယူသုံးစွဲလျက်ရှိသည့်အတွက် တန်ဖိုးမြင့်ပစ္စည်းများပြုလုပ်ကာ တင်ပို့ရောင်းချနိုင်ကြောင်း မြင်းမူမြို့ တပင်ရွှေထီးရပ်မှ ပရိဘောဂပစ္စည်းပြုလုပ်ရောင်းချသူ ဦးမင်းအောင်ထံမှသိရသည်။

ယခုလက်ရှိဈေးကွက်အနေဖြင့် လက်ရာသန့်ပြီး သက်တန်းရင့်ထန်းသားဖြင့်ပြုလုပ်ထားသည့် ဆက်တီတစ်စုံလျှင် ငွေကျပ်သိန်း ၃၀ နီးပါးရှိသည်ဖြစ်၍ မြန်မာ့ထန်းပင်မှတန်ဖိုးရှိသော အပင်မျိုးဖြစ်ကြောင်းသိရသည်။

**Source: မြန်မာ့အလင်း**

## မြန်မာ့ရုပ်သေးရုပ်များကို ပြည်တွင်း၊ ပြည်ပ အမှတ်တရလက်ဆောင်ပစ္စည်း ဈေးကွက်အတွက်သာ အဓိက ထုလုပ်ပေးနေရ



Source: ရတနာပုံသတင်းစာ

မြန်မာ့ရုပ်သေးရုပ်များကို လတ်တလောကာလတွင် ပြည်တွင်း၊ ပြည်ပ အမှတ်တရလက်ဆောင်ပစ္စည်း ဈေးကွက်အတွက်သာ အဓိကထုလုပ်ပေးနေရကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ သီရိရတနာအောင် မြန်မာ့ပန်းပုလုပ်ငန်းရှင် ဒေါ်သီရိရတနာအောင်က ပြောပြ၍သိရသည်။

မြန်မာ့ရုပ်သေးရုပ်ကို ထုလုပ်နိုင်သည့် ပန်းပုဆရာမှာ လက်ချိုးရေတွက်နိုင်သည်ထိ ရှားပါးလျက်ရှိသကဲ့သို့ ရုပ်သေးရုပ်ဈေးကွက်မှာလည်း လတ်တလောကာလတွင် ပြည်တွင်း၊ ပြည်ပအမှတ်တရ လက်ဆောင်ပစ္စည်းဈေးကွက်တစ်ခုတည်းကိုသာ မှီခိုနေရကြောင်းသိရသည်။

"ရုပ်သေးရုပ်က ထုလုပ်နိုင်တဲ့ပန်းပုဆရာက ရန်ကုန်နဲ့မန္တလေးမှာပဲရှိပြီးတော့ လက်ချိုးရေလို့ရအောင်နည်းသလို ရုပ်သေးရုပ်ဈေးကွက်ကလဲ ၂၀၁၅ ခုနှစ်လောက်ကတည်းက ဒီနေ့(ဇူလိုင်-၃၀) ထိ အမှတ်တရလက်ဆောင်ပစ္စည်း ဈေးကွက်

ကိုပဲ အဓိကအားထားပြီးတော့ ထုလုပ်ပေးနေရတာပါ။ အများအားဖြင့်တော့ မင်းသား၊ မင်းသမီး၊ ဇော်၊ အပျိုတော်၊ သူငယ်တော်၊ သိကြား၊ ဘီလူးရုပ် အဲဒီလောက်ပဲလုပ်ရတော့တယ်" ဟု ဒေါ်သီရိရတနာအောင်က ပြောပြသည်။

အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များအတွက် ရွှေချည်ထိုးဝတ်စုံများပါရှိသည့် မြန်မာ့ရုပ်သေးရုပ်များကို ငါးလက်မ၊ ခုနစ်လက်မ၊ ၁၀ လက်မ၊ ၁၄ လက်မထိ ထုလုပ်ရပြီး ဈေးနှုန်းများမှာလည်း ငွေကျပ် ၆၀၀၀ မှ ၁၅၀၀၀ ထိ ရှိကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ခြောက်လအတွင်း ပြည်ပသို့ ချုပ်ပြီးအထည်တင်ပို့မှုမှ ဒေါ်လာ ၂၂၂၉ သန်းကျော်ရရှိခဲ့ပြီး လအလိုက်တင်ပို့မှုအနေဖြင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာတွင် အများဆုံးတင်ပို့ခဲ့ခြင်းဖြစ်

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် အောက်တိုဘာမှ မတ်လအထိ (Mini Budget) ခြောက်လအတွင်း ပြည်ပသို့ ချုပ်ပြီးအထည် တင်ပို့မှုမှ ဒေါ်လာ ၂၂၂၉ သန်းကျော်ရရှိခဲ့ပြီး လအလိုက်တင်ပို့မှုအနေဖြင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် အများဆုံး တင်ပို့ခဲ့ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှသိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် အောက်တိုဘာမှ မတ်လအထိ (Mini Budget) ခြောက်လအတွင်း လအလိုက် ပြည်ပသို့ချုပ်ပြီး အထည်တင်ပို့မှုအနေဖြင့် အောက်တိုဘာတွင် ဒေါ်လာ ၃၀၂ ဒသမ ၉ သန်း၊ နိုဝင်ဘာတွင် ၃၃၇ ဒသမ ၉ သန်း၊ဒီဇင်ဘာတွင် ၄၁၄ ဒသမ ၃ သန်း၊ ဇန်နဝါရီတွင် ၄၁၀ ဒသမ ၃ သန်း၊ ဖေဖော်ဝါရီတွင် ၃၆၀ ဒသမ ၆ သန်း၊ မတ်လတွင် ဒေါ်လာ ၄၀၃ ဒသမ ၈ သန်းဖြင့် စုစုပေါင်းဒေါ်လာ ၂၂၂၉ ဒသမ ၈ သန်းရရှိခဲ့ကြောင်းသိရသည်။

လအလိုက် ပြည်ပသို့ ချုပ်ပြီးအထည်တင်ပို့မှုအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီတွင် ဒေါ်လာ ၂၁၇ ဒသမ ၂ သန်း၊ မတ်တွင် ဒေါ်လာ ၂၆၈ သန်း၊ ဧပြီတွင်ဒေါ်လာ ၂၃၈ ဒသမ ၇ သန်း၊ မေတွင်ဒေါ်လာ ၂၇၈ ဒသမ ၅ သန်း၊ ဇွန်တွင်ဒေါ်လာ ၃၁၉ ဒသမ ၃ သန်း၊ ဇူလိုင်တွင်ဒေါ်လာ ၃၁၀ ဒသမ ၇ သန်း၊ ဩဂုတ်တွင်ဒေါ်လာ ၄၂၄ ဒသမ ၅ သန်း၊ စက်တင်ဘာတွင်ဒေါ်လာ ၃၇၈ ဒသမ ၃ သန်း၊ အောက်တိုဘာတွင်ဒေါ်လာ ၃၀၂ ဒသမ ၉ သန်း၊ နိုဝင်ဘာတွင်ဒေါ်လာ ၃၃၇ ဒသမ ၉ သန်း၊ ဒီဇင်ဘာတွင်ဒေါ်လာ ၄၁၄ ဒသမ ၃ သန်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီတွင် ဒေါ်လာ ၄၁၀ ဒသမ ၃ သန်း၊ ဖေဖော်ဝါရီတွင် ၃၆၀ ဒသမ ၆ သန်း၊ မတ်တွင် ၄၀၃ ဒသမ ၈ သန်းရရှိခဲ့သည်။

၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်တွင် အထည်ချုပ်(ချုပ်ပြီးအထည်) တင်ပို့မှုမှ ဒေါ်လာ ၄ ဒသမ ၈ ဘီလျံနီးပါး ရရှိခဲ့သော်လည်း ယခင်နှစ်ကာလတူထက် ဒေါ်လာ ၆၃ သန်းကျော် လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းကို CMP လက်ခစားစနစ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ဂျပန်၊ တရုတ်၊ ကိုရီးယား၊ EU နိုင်ငံတို့မှ CMP စနစ်ဖြင့် အော်ဒါအဓိက မှာယူနေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

၂၀၁၈ ခုနှစ်တွင် အထည်ချုပ်(ချုပ်ပြီးအထည်) အများဆုံးတင်ပို့ထားသည့် ၁၀ နိုင်ငံစာရင်းကို လေ့လာကြည့်ပါက အီးယူ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဂျာမနီနိုင်ငံသို့ ဒေါ်လာသန်း ၉၃၀၊ ယူကေသို့ ဒေါ်လာ ၃၂၃ သန်း၊ စပိန်နိုင်ငံသို့ ဒေါ်လာ ၂၉၄ သန်း၊ ပြင်သစ်နိုင်ငံသို့ ဒေါ်လာ ၂၆၆ သန်း၊ ဒိန်းမတ်နိုင်ငံသို့ဒေါ်လာ ၁၅၈ သန်း၊ အီတလီသို့ဒေါ်လာ ၁၅၇ သန်း၊ နယ်သာလန်နိုင်ငံသို့ ဒေါ်လာ ၁၄၅ သန်းအထိ တင်ပို့ထားခြင်းဖြစ်သည်။

အများဆုံးတင်ပို့ထားသည့် ၁၀ နိုင်ငံအနက် ဂျပန်နိုင်ငံသို့ဒေါ်လာ ၈၃၄ သန်း၊ ကိုရီးယားသို့ဒေါ်လာ ၃၉၉ သန်း၊ အမေရိကန်နိုင်ငံသို့ ဒေါ်လာ ၂၁၁ သန်းအထိတင်ပို့ထားသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့အထည်ချုပ်(ချုပ်ပြီးအထည်)တင်ပို့မှုကိုလေ့လာကြည့်ပါက ၂၀၁၀ ပြည့်နှစ်၌ အထည်ချုပ် တင်ပို့မှုတွင် ဒေါ်လာ ၃၃၇ သန်းသာရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် သုံးဆအထိ မြင့်တက်လာခဲ့ပြီး ဒေါ်လာတစ်ဘီလျံနီးပါးခန့်အထိ ရောက်ရှိလာခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ချုပ်ပြီးအထည်တင်ပို့မှုကို လေ့လာကြည့်ပါက ၂၀၁၀ ခုနှစ်တွင် ဒေါ်လာ ၃၃၇ သန်းသာရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် သုံးဆအထိ မြင့်တက်လာခဲ့ပြီး ဒေါ်လာ တစ်ဘီလျံနီးပါးအထိ ရောက်ရှိခဲ့သည်။

၂၀၁၅ ခုနှစ်တွင် အထည်ချုပ်(ချုပ်ပြီးအထည်)တင်ပို့မှုသည် ဒေါ်လာ ၁ ဒသမ ၄၆ ဘီလျံအထိရှိလာပြီး မြန်မာနိုင်ငံ၏ စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းအထိရှိလာခဲ့သည်။

**Source:** https://news-eleven.com/article/234889

## မြေပဲဈေးဆက်တိုက်မြင့်တက်နေပြီး ဆီဈေးများလည်း အမြင့်ဆုံးရောက်



https://greenwaymyanmar.com

ယခုတစ်ပတ်အတွင်း မြေပဲဈေးတွေ ဆက်တိုက်မြင့်တက်နေပြီး မြေပဲဆီဈေးတွေလည်း အမြင့်ဆုံးကိုရောက်ရှိနေတယ်လို့ စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) ရဲ့ သတင်းပေးပို့မှုအရ သိရပါတယ်။ ပြည်ပတင်ပို့မှုရှိနေသလို ဆီအတွက်ဝယ်ယူမှုတွေကြောင့် မြင့်တက်နေတာဖြစ်တယ်လို့ AMIA က ဆိုပါတယ်။

မန္တလေးဈေးကွက်မှာ မြေပဲလုံးအနီဆန်က တစ်ပိဿာကို ကျပ် ၅၂၀၀ ကနေ ၅၃၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၀၀ ကျပ်ဈေးတက်လာပါတယ်။ အောင်လံဈေးကွက်မှာလည်း မြေပဲလုံးအနီဆန်က တစ်ပိဿာကို ၅၁၀၀ ကျပ် ပေါက်ဈေးရှိပြီး ၂၅၀ ကျပ်၊ အဖြူဆန်ကတော့ တစ်ပိဿာကို ၅၂၀၀ ပေါက်ဈေးရှိပြီး ၃၅၀ ကျပ် ဈေးအသီးသီး တက်လာပါတယ်။

မုံရွာဈေးကွက်မှာလည်း မြေပဲလုံးအနီဆန်နဲ့ မြေပဲလုံးအဖြူဆန်တွေဟာ တစ်ပိဿာကို ၅၂၀၀ ကနေ ၅၄၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၅၀၀ ကျပ် အသီးသီးဈေးတက်လာပါတယ်။

မြေပဲဆီတွေကတော့ တစ်ပိဿာကို ကျပ် ၉၀၀၀ ကနေ ၁၁၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်ပိဿာကို ၁၀၀၀ ကျော် ဈေးတက်လာတယ်လို့ သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာတော့ ကြက်သွန်နီဈေးဟာ အမျိုးအစားအလိုက် တစ်ပိဿာ ကျပ် ၂၀၀၀ ထိ ဆက်တိုက် ဈေးမြင့်တက်ခဲ့ပြီး အဲ့ဒီဈေးနဲ့ပဲ ၃ ရက်ဆက်တိုက် ဈေးငြိမ်နေပါတယ်။

အဝင်နည်းပြီး ပြည်ပတင်ပို့မှုလည်းရှိတဲ့အပြင် အခြားငွေကြေးဈေးမြင့်တက်ခြင်းနဲ့ သယ်ယူစရိတ်မြင့်တက်ခြင်းတွေကြောင့် ဈေးတက်နေတာဖြစ်တယ်လို့ AMIA က ဆိုပါတယ်။

(စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများကို ဖော်ပြခြင်းဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/market_price_for_jul_29

## ဇူလိုင်လ ၂၁ ရက်မှ ၂၉ ရက်နေ့အတွင်း အာရှဆန် တစ်ပတ်တာ

ဘင်္ဂလားဒေ့ရှ်တွင် ရေဘေးကြောင့် စပါးခင်းများ ပျက်စီးဆုံးရှုံးခဲ့သည့်အတွက် နဂိုကမြင့်တက်နေသော ဆန်ဈေးနှုန်း ပိုမြင့်တက်သည်။ အစိုးရက ကုန်သည်များကို ပြည်ပမှဆန်တင်သွင်းရန် ဆန်သွင်းကုန်ခွန် လျှော့ချပေးထားသည်။ သို့သော် နိုင်ငံသုံးငွေ တာကာနှင့်ကန်ဒေါ်လာလဲနှုန်းတွင် ကန်ဒေါ်လာက ဈေးကောင်းနေသဖြင့် ပြည်ပမှဆန်ကို ကန်ဒေါ်လာဖြင့် ဝယ်ယူဖို့ တွက်ခြေမကိုက်ဖြစ်နေကြသည်။ ထိုင်းဆန်နှင့်ဗီယက်နမ်ဆန် ဝယ်လိုအားထက် ပိုပိုလျှံလျှံဖြစ်နေသဖြင့် ဈေးကျသည်။

ဘင်္ဂလားဒေ့ရှ်ကုန်သည်တို့ ဆန်ကို အိန္ဒိယမှ ကုန်းလမ်းဖြင့် စတင်တင်သွင်းကြသော်လည်း များများစားစား မတင်သွင်းကြချေ။ ကန်ဒေါ်လာငွေလဲနှုန်းတွင် နိုင်ငံသုံးငွေက ဈေးကျပြီးရင်းကျနေသဖြင့် ဆန်တင်သွင်းသည့် ကုန်သည်များ လက်နှေးနေကြသည်။

အစိုးရကဆန်တန်ချိန် ၁ သန်းအထိ တင်သွင်းရန်ခွင့်ပြုပေးထားသည်။ အိန္ဒိယဆန် ၅% ဆန်ကွဲပါ <RI-INBKN5-P1> အမျိုးအစား ယခုသီတင်းပတ် ဈေးမပြောင်း။ တစ်တန်ခေါ်ဈေး $362-$368 ရှိသည်။ ဝယ်လိုအား ပြန်ကျဆင်းနေသည်။ အရှေ့ပိုင်းပြည်နယ်များတွင် စပါးစိုက်ပျိုးမှု နောက်ကျကျန်နေသေးသည်။ လာမည့်ရက်သတ္တပတ်များအတွင်း တက်လာလျှင်လည်း အထွက်နှုန်းသည် ခါတိုင်းပုံမှန်ထက် နည်းပါးဖွယ်ရှိသည်။

စပါးစိုက်တောင်သူလယ်သမားများ ယခုရာသီတွင် ဟက်တာ ၁၇ သန်း စိုက်ပျိုးထားပြီးပြီ။ ယခင်နှစ် အလားတူကာလထက် ၂၉% လျော့နည်းနေသည်။ မိုးလုံလုံလောက်လောက် မရကြသေးချေ။ ထိုင်းဆန် ၅% ဆန်ကွဲပါ <RI-THBKN5-P1> အမျိုးအစား တစ်တန်ဈေးနှုန်း ယခင်သီတင်းပတ်တွင် $420 ရှိခဲ့ပြီး ယခု $400 သို့ ကျဆင်းသည်။

ဗီယက်နမ်ဆန် ၅% ဆန်ကွဲပါဆန် <RI-VNBKN5-P1> အမျိုးအစား ဈေးကျသည်။ ယခင်သီတင်းပတ်တွင် တစ်တန် $415-$420 ရှိခဲ့ပြီး ယခု $395-$413 သို့ ကျဆင်းသည်။ ထိုင်းဆန်၊ အိန္ဒိယဆန်ဈေးကျနေသဖြင့် ဗီယက်နမ်ဆန်လည်း ဈေးလိုက်ကျသည်။

**ရန်ကုန်ဆိပ်ကမ်းဆန်တင်သင်္ဘောစာရင်း**

**၂၀၂၂ ဇူလိုင် ၂၉ ရက်**

| Berth | Vessel Name | Ton |
|---|---|---|
| S.P.W.1 | CLIPPER COPENHAGEN | .24280 |
| WILMAR JETTY | CS SATIRA | .33150 |
| S.P.W.5 | ZOLA | 25000 |
| WILMAR JETTY | CS SATIRA | .3000 |

Market Indicated Reference Rice Prices (FOB-YGN)

**Source:** https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/4747-weekly-asia-rice-july-21-29.html

## ပြည်ပကဝယ်ယူနေမှုကြောင့် မန္တလေးဈေးကွက်အတွင်း ကြောင်ပန်းစေ့များ ဈေးနှုန်းမြင့်တက်ပြီး အရောင်းသွက်နေ

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် အလေ့ကျပေါက်ရောက်သည့် ကြောင်ပန်းစေ့များ ယခုနှစ်တွင် ပြည်ပကဝယ်ယူနေမှုကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးနှုန်းမြင့်တက်ပြီး အရောင်းသွက်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍သိရသည်။

ကြောင်ပန်းစေ့များသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ ဇူလိုင်က နောက်ဆုံးပတ်မှစ၍ လှိုင်လှိုင်ဝင်ရောက်လာပြီး ယခင်နှစ်ကာလတူအချိန်က တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ သာရှိခဲ့သော ကြောင်ပန်းစေ့များမှာ ယခုနှစ်တွင် ပြည်ပဝယ်လက်များက တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ ထိ အမြင့်ဈေးပေးဝယ်ယူနေမှုကြောင့် ဈေးမြင့်တက်ပြီး အရောင်းသွက်လျက်ရှိကြောင်း ဦးစိုးဝင်းမြင့်ကပြောပြသည်။

"ကြောင်ပန်းပင်က အညာဒေသတွေမှာ မစိုက်ပျိုးဘဲသဘာဝအလျောက် အလေ့ကျပေါက်ရောက်တဲ့ အပင်အမျိုးအစားဖြစ်တယ်။ အဓိကအနေနဲ့ အပူပိုင်းဒေသ သဲချောင်းအနီးပတ်ဝန်းကျင်နဲ့ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်ကမ်းစပ်တွေမှာ အများအပြားပေါက်ရောက်ပြီးတော့ သဲဆန်တဲ့မြေမှာ ပိုပြီးရှင်သန်မှုကောင်းတယ်။ အပင်အမြင့်က လူတစ်ရပ်လောက်ရှိပြီး အစေ့ကို ခူးဆွတ်ရောင်းချရတဲ့ အပင်အမျိုးအစားဖြစ်ပါတယ်" ဟု ဦးစိုးဝင်းမြင့်က ဆက်လက်ပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## တရုတ်နိုင်ငံတွင် တိုက်ခန်းအသစ်များ "ကြက်သွန်ဖြူကမ်ပိန်း"ဖြင့် ရောင်းချ



https://www.foodindustrydirectory.com.mm

တရုတ်နိုင်ငံတွင် ရှန်းကန်နေရသော ဆောက်လုပ်ရေးလုပ်ငန်းရှင်များသည် ဖရဲသီး၊ မက်မွန်သီးနှင့် အခြားလယ်ယာထွက်ကုန်များအတွက် အိမ်ရာတိုက်ခန်းများအတွက် ငွေပေးချေမှုများ စတင်လက်ခံပေးနေပြီဟု နိုင်ငံပိုင်မီဒီယာကတွင် ဖော်ပြသည်။

စီမံကိန်းတွင် ဆောက်လုပ်ရေးလုပ်ငန်း မစတင်မီ ဆောက်လုပ်ရေးလုပ်ငန်းရှင်များက ဘဏ်ချေးငွေရယူခြင်းကို တရုတ်အစိုးရက တားမြစ်လိုက်ခြင်းကြောင့် စီးပွားရေးနှေးကွေးမှုနှင့်

ကြွေးမြီအကျပ်အတည်းများ ဖြစ်ပေါ်ကုန်သဖြင့် တရုတ်နိုင်ငံ၏ အိမ်ရာဈေးကွက်သည် ထိခိုက်ကျရှုံးသွားခဲ့သည်။

အရှေ့ပိုင်းမြို့ နန်းဂျင်းမှ developer တစ်ဦးက ဒေသခံတောင်သူများထံမှ အိမ်ရာတိုက်ခန်းပေးချေမှုအဖြစ် ယွမ်တစ်သိန်းအထိ ဖရဲသီးများဖြင့်ပေးချေခြင်းကို လက်ခံမည်ဟုပြောကြားခဲ့ကြောင်း အစိုးရပိုင် China News Weekly တွင် ဖော်ပြထားသည်။ အနီးနားရှိ Wuxi မြို့ငယ်လေးတွင် developer များသည် မက်မွန်သီးများကို ငွေပေးချေမှုအဖြစ် သဘောတူလက်ခံပေးနေကြောင်း ၎င်းမဂ္ဂဇင်းကဆိုသည်။

တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ်ရှိ ကြက်သွန်ဖြူ အဓိကထွက်ရှိသောဒေသဖြစ်သည့် ချီခရိုင်ရှိ အိမ်ရာတိုက်ခန်းဝယ်သူများသည် ၎င်းတို့၏ စိုက်ပျိုးထုတ်ကုန်များကိုဈေးကွက်ပေါက်ဈေးထက် သုံးဆဖြင့်ဈေးနှုန်းသတ်မှတ်ပြီး တိုက်ခန်းဖိုးငွေအကြေပေးချေခြင်း၏ တစ်စိတ်တစ်ပိုင်းကိုပေးချေရန် developer များက သဘောတူခွင့်ပြုထားသည်။ တစ်နည်းဆိုရသော် တိုက်ခန်းတန်ဖိုးကို တစ်ဖက်လှည့်ဖြင့် လျှော့ဈေးရောင်းချပေးခြင်းဖြစ်သည်။

"ကြက်သွန်ဖြူရာသီသစ်အခါသမယတွင် ကုမ္ပဏီသည် Qi ခရိုင်ရှိ ကြက်သွန်ဖြူစိုက်တောင်သူများအတွက် အကျိုးရှိစေရန် ပြတ်ပြတ်သားသား ဆုံးဖြတ်ခဲ့သည်" ဟု အိမ်ဆောက်သူ Central China Management က မေလနှောင်းပိုင်းတွင် ဆိုရှယ်မီဒီယာမှာကြေညာခဲ့သည်။ "လယ်သမားတွေကို မေတ္တာနဲ့ကူညီပေးပြီး အိမ်ဝယ်ဖို့ လွယ်ကူအောင်လုပ်နေပါတယ်"ဟု Central China Management က ပြောကြားသည်။ "ကြက်သွန်ဖြူကမ်ပိန်း"garlic campaign ဖြင့် အိမ်ရာတိုက်ခန်း ၃၀ ခန့် ရောင်းချနိုင်ခဲ့ကြောင်း ကုမ္ပဏီကပြောကြားသည်။

**Source: CNA**

https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/4748-garlic-campaign.html

## ထိုင်းကြက်မောက် လူကြိုက်များ၊ ပြည်ပတင်ပို့မှု ပိုများလာ



https://www.foodindustrydirectory.com.mm



https://www.foodindustrydirectory.com.mm

ထိုင်းကြက်မောက်သည် လူကြိုက်များပြီး တင်ပို့မှုအရှိန်အဟုန်မြင့်တက်လာနေသည်။ ပြည်ပတင်ပို့ရန် ကြက်မောက်သီးကို စီမံပေးရမည်မှာလွယ်ကူသည်။ အရည်အသွေး ထိန်းချုပ်မှုသည်လည်း အတော်လေးရိုးရှင်းပါသည်။ ကရိကထ သိပ်မများချေ။ သို့ဖြစ်ရာ ထိုင်းကြက်မောက်သီးသည် အရောင်းရဆုံး အသီးအသစ်ဖြစ်လာသည်။ ထိုင်းကြက်မောက် ပြည်ပသို့ တင်ပို့ရာ၌ အဓိကဈေးကွက်များမှာ ဗီယက်နမ်၊ မလေးရှား၊ မြန်မာ၊ လာအိုနှင့် အာရပ် စော်ဘွားများ ပြည်ထောင်စုတို့ ဖြစ်သည်။ ထိုင်းကြက်မောက်ကို ဗီယက်နမ်နှင့်မလေးရှားတို့တွင် လူကြိုက်များသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မေလအထိ ၅ လတာအတွင်း တန်ချိန် ၉,၄၃၇ ၊ တန်ဖိုးအားဖြင့် ဘတ် ၁၇၇.၂၅ သန်းဖိုး တင်ပို့သည်။ ၂၀၂၁ အလားတူကာလထက် ၂၄၈ ဒသမ ၃၃ ရာခိုင်နှုန်းတိုးခဲ့သည်။ တစ်နှစ်တာတင်ပို့မှု စုစုပေါင်းတန်ချိန် ၂၀,၀၀၀ ကျော်မည်ဟု ခန့်မှန်းထားသည်။

စိုက်ပျိုးထုတ်လုပ်ရာတွင် စီမံခန့်ခွဲမှုလွယ်ကူခြင်းနှင့် အရည်အသွေးကောင်းမကောင်း အခွံနွာကြည့်ရုံဖြင့် သိနိုင်ခြင်းတို့ကြောင့် ကြက်မောက်သီးစိုက်ပျိုးထုတ်လုပ်မှု လုပ်ကိုင်သူပိုများလာသည်။ ကြက်မောက်မှ ရရှိသောအမြတ်သည် တောင်သူတို့အဖို့ ကျေနပ်စရာဖြစ်သဖြင့် စိတ်ဝင်စားမှု ပိုများလာနေသည်။ စိုက်ပျိုးရန် စရိတ်စကလည်းမများ၊ ကရိကထလည်းမများ၊ ဆွတ်ခူးပြီးလျှင် မပုပ်ဘဲ ရက်ကြာကြာခံသည်။ ထိုင်းတွင် ကြက်မောက်နှစ်မျိုး စိုက်ပျိုးထုတ်လုပ်ကြသည်။ ကြက်မောက်နီ red rambutan နှင့် ကြက်မောက်ဝါ golden rambutan တို့ဖြစ်သည်။

တစ်နှစ်လျှင် နှစ်မျိုး စုစုပေါင်း တန်ချိန် ၂၈၀,၀၀ ခန့်ထွက်သည်။ တစ်နှစ်လျှင် ပြည်ပသို့ ၁၂,၀၀၀-၁၅,၀၀၀ တန် ဝန်းကျင်တင်ပို့သည်။ စုစုပေါင်းထုတ်လုပ်မှု၏ ၅% ဝန်းကျင်ကို ပြည်ပသို့တင်ပို့သည်။ ယခုနှစ် ဇန်နဝါရီလမှမေလအထိ ၅ လ တာအတွင်း တန်ချိန် ၉,၄၃၇ ၊ တန်ဖိုးအားဖြင့် ဘတ် ၁၇၇.၂၅ သန်းတင်ပို့သည်။

**Source: Fruit Reviewer**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/4749-thai-rambutan.html

# STOCK EXCHANGE (1.8.2022)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 1st Aug. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | +100 | +1.41% | 7,100 | 7,200 | 7,100 | 262 | 1,885,200 | 33,109,694 | 238,390 |
| MTSH | 00002 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,450 | 5,115 | 12,783,500 | 38,929,150 | 97,323 |
| MCB | 00003 | 7,100 | +200 | +2.90% | 6,900 | 7,100 | 6,900 | 26 | 179,800 | 10,400,986 | 73,848 |
| FPB | 00004 | 17,500 | -500 | -2.78% | 17,500 | 17,500 | 17,500 | 9 | 157,500 | 2,472,053 | 43,261 |
| TMH | 00005 | 2,350 | -100 | -4.08% | 2,350 | 2,350 | 2,350 | 3 | 7,050 | 12,823,224 | 30,135 |
| EFR | 00006 | 2,500 | +50 | +2.04% | 2,400 | 2,500 | 2,400 | 6 | 14,600 | 19,977,223 | 49,943 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 3 | 15,000 | 10,497,598 | 52,488 |


## Market summary

As of 1st Aug. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 336.50 | +2.22 | +0.66% | 333.57 | 336.50 | 331.14 | 5,424 | 15,042,650 | 7 | 585,388 |

**Index chart**




# Market Overview

## Main Board

As of 1:00 pm, 1st Aug. 2022

| MYANPIX | 336.50 ▲ 2.22 |
|---|---|
| Total Volume (shares) | 5,424 |
| Total Value (MMK) | 15 mil |
| Listed Company | 7 |
| Market Cap. (MMK) | 585,388 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,200 | ▲ 100 |
| MTSH | 00002 | 2,500 | ▲ 0 |
| MCB | 00003 | 7,100 | ▲ 200 |
| FPB | 00004 | 17,500 | ▼ 500 |
| TMH | 00005 | 2,350 | ▼ 100 |
| EFR | 00006 | 2,500 | ▲ 50 |
| AMATA | 00007 | 5,000 | ▲ 0 |